စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန

မြို့နယ်ဦးစီးမှူးရုံး

ကျိုက်ထိုမြို့နယ်၊ သထုံခရိုင်

မွန်ပြည်နယ်

# HELVETAS Myanmar နှင့် ပူးပေါင်းဆောင်ရွက်သည့် သက်တမ်းတိုအထွက်ကောင်းစပါး မျိုးယှဉ်ပြိုင်စမ်းသပ်ခြင်း

ဒေါ်သန်းသန်းဝင်း
(လ/ထဦးစီးမှူး)

ရက်စွဲ။ ၂၀၂၀ခုနှစ်၊ ဇန်နဝါရီလ

# ၁။ နိဒါန်း

- စပါးသီးနှံသည် နိုင်ငံတော်၏ အဓိကစားနပ်ရိက္ခာ။
- စားသုံးမှုဖူလုံရန်နှင့် တောင်သူဝင်ငွေ ပိုမိုတိုးတက်။
- ပြောင်းလဲလာသော ရေမြေရာသီဥတုနှင့် ကိုက်ညီပြီး ဈေးကွက်ဝင် သက်တမ်းတို အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ရန် လိုအပ်လျှက်ရှိ။
- မွန်ပြည်နယ်သည် ပျမ်းမျှမိုးရွာရက် **(၁၃၂)**ရက်နှင့် မိုးရေချိန်**၁၈၀** လက်မခန့် ရွာသွန်းလေ့ရှိ။
- **ရေကြီးရေလျှံမှုများ** နှစ်စဉ်ဖြစ်ပေါ်လေ့ရှိ။
- အထူးသဖြင့် ရေကြီးနစ်မြုပ်ပျက်စီးမှုရှိသည့်ဒေသများတွင် **စိုက်ချိန်ပြောင်းလဲပြီးစိုက်ရန်** လိုအပ်လျှက်ရှိ။

# ကျိုက်ထိုမြို့နယ်၏ ပျမ်းမျှ မိုးရွာရက်နှင့် မိုးရေချိန်

| လအမည် | ပုံမှန် | | ၂၀၁၇ ခုနှစ် | | ၂၀၁၈ ခုနှစ် | | ၂၀၁၉ ခုနှစ် | | ၂၀၂၀ ခုနှစ် | |
|---|---|---|---|---|---|---|---|---|---|---|
| | ရက် | လက်မ | ရက် | လက်မ | ရက် | လက်မ | ရက် | လက်မ | ရက် | လက်မ |
| ဇန်နဝါရီ | - | - | ၂ | ၀.၂ | - | - | - | - | - | - |
| ဖေဖော်ဝါရီ | - | - | - | - | - | - | - | - | - | - |
| မတ် | ၁ | ၀.၅၁ | - | - | - | - | - | - | - | - |
| ဧပြီ | ၂ | ၂.၆၁ | ၁ | ၇.၀၈ | ၁ | ၀.၂ | - | - | - | - |
| မေ | ၁၆ | ၁၉.၃၉ | ၁၆ | ၁၄.၇၉ | ၁၅ | ၁၉.၇၈ | ၁၆ | ၁၄.၉ | ၆ | ၆.၀၉ |
| ဇွန်လ | ၂၅ | ၃၅.၀၉ | ၂၂ | ၂၈.၂၇ | ၂၇ | ၃၁.၁၄ | ၂၃ | ၂၈.၁၄ | ၂၇ | ၂၉.၇၅ |
| ဇူလိုင် | ၂၈ | ၄၁.၃၂ | ၃၀ | ၄၇.၄၄ | ၃၀ | ၆၁.၉၇ | ၂၉ | ၃၉.၈၄ | ၁၈ | ၁၇.၂၈ |
| သြဂုတ်လ | ၂၇ | ၄၃.၉၅ | ၃၁ | ၄၃.၄၁ | ၃၁ | ၃၇.၆၁ | ၂၈ | ၅၀.၀၂ | ၂၇ | ၃၂.၀၅ |
| စက်တင်ဘာ | ၂၂ | ၂၅.၂၂ | ၁၉ | ၁၅.၃၇ | ၂၀ | ၁၇.၂၃ | ၁၉ | ၂၅.၆၂ | ၂၃ | ၂၀.၄ |
| အောက်တိုဘာ | ၁၀ | ၈.၁၃ | ၁၉ | ၁၄.၄၅ | ၈ | ၉.၅၆ | ၅ | ၂.၃၂ | ၁၃ | ၉.၄၈ |
| နိုဝင်ဘာ | ၁ | ၀.၇၅ | ၁ | ၀.၀၈ | ၂ | ၂.၀၈ | ၃ | ၁.၅၀ | ၂ | ၀.၂၈ |
| ဒီဇင်ဘာ | - | ၀.၂၈ | - | - | - | - | - | - | - | - |
| **စုစုပေါင်း** | **၁၃၂** | **၁၇၇.၂၅** | **၁၄၁** | **၁၇၁.၀၉** | **၁၃၄** | **၁၇၉.၅၇** | **၁၂၄** | **၁၆၃.၃၂** | **၁၁၆** | **၁၁၅.၃၃** |



# ၂။ ရည်ရွယ်ချက်

- အရည်အသွေးနှင့် အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးခြင်းဖြင့် **သီးနှံအထွက်နှုန်း ပိုမိုတိုးတက်ရန်နှင့် တောင်သူများ ဝင်ငွေတိုးစေရန်။**
- **ရေကြီးနစ်မြုပ်ဒေသ**များ၌ **ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန်**နှင့် သက်တမ်းတို အထွက်ကောင်းမျိုးများကို **စိုက်ချိန်ပြောင်းလဲ** စိုက်ပျိုးခြင်းအားဖြင့် စွန့်စားမှုနည်းစေပြီး ဝင်ငွေ ရရှိမှု ပိုမိုသေချာစေရန်။
- **မိုးဦးမိုးခေါင်**မှုရှိခဲ့ပါက ဒေသရေမြေနှင့် ကိုက်ညီသည့် သက်တမ်းတို အထွက်ကောင်းမျိုးများ အစားထိုးစိုက်ပျိုးနိုင်ရန်။
- **နွေစပါး**ရာသီတွင် ရေရရှိမှုသေချာသည့် စိုက်ကွင်းများတွင် **သက်တမ်းတိုအထွက်ကောင်း** စပါးမျိုးများ ရွေးချယ်စိုက်ပျိုးလာနိုင်ရန်။
- **တောင်သူအခြေပြု သုတေသနလုပ်ငန်း**များကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် **တောင်သူများ၏ စွမ်းဆောင်ရည်** မြှင့်တင်နိုင်စေရန်။

# ၃။ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များ

**(၁) မျိုးစေ့ရယူခဲ့သည့်ဒေသ/ ဌာန**

- စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ရေဆင်း၊ နေပြည်တော်



**(၂) စမ်းသပ်ခဲ့သည့်မျိုးများ**

- YQR-11၊ YQR- 12၊ ရွှေရီတိုး (စံထားမျိုး)

**(၃) စမ်းသပ်ကွက်ပုံစံ**

- RCB (သုံးမျိုးတစ်လီ)

**(၄) ပူးပေါင်းဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်း/ တောင်သူ**

- HELVETAS Myanmar  ကမ်းရိုးတန်းဒေသတောင်သူလယ်သမားဖွံ့ဖြိုးရေးအဖွဲ့(မွန်)

**(၅) ဆောင်ရွက်ခဲ့သည့်နေရာ**

- ကျိုက်ထိုမြို့နယ်၊ ဘိုးရားကြီးကျေးရွာ၊ တောင်သူ-ဦးဆန်းဖေ၊ ကွင်းအမှတ်-၈၂၊ ဦးပိုင် ၁၃၃င

# ၄။ သွင်းအားစုထည့်သွင်းခြင်း

| မြေသြဇာ အမျိုးအစား | တစ်ကြော နှုန်းထား | မြေခံ (kg) | ပင်ပွားစည်းချိန် (kg) | မှို့ကပ်ချိန် (kg) | အလံရွက်ထွက်ချိန် (kg) | အနံ့စထွက်ချိန် (kg) |
|---|---|---|---|---|---|---|
| ၁၆:၈:၈ ကွန်ပေါင်း | ၁ အိတ် | ၀.၆၈၈ | | | | |
| တီစူပါ | ၁/၂ အိတ် | ၀.၃၄၄ | | | | |
| ယူရီးယား | ၁ အိတ် | | ၀.၂၃ | | ၀.၂၃ | ၀.၂၃ |
| ပိုတက် | ၁/၄ အိတ် | | | ၀.၁၇၂ | | |





# ၅။ အပင်ပြုစုစောင့်ရှောက်ခြင်း

- ဘောင်စနစ်ဖြင့် ပျိုးထောင်ခြင်း (၂၈.၇.၂၀၂၀)
- ပျိုးသက် ၂၄ ရက်သားတွင် စိုက်ခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးခြင်း (၂၁.၈.၂၀၂၀)
- စိုက်ပြီး ၂၀ ရက်သားတွင် တစ်ကြိမ် ပေါင်းရှင်း
- ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်း





# ၅။ အပင်ပြုစုစောင့်ရှောက်ခြင်း

- ဆစ်ပိုးရန်ကိုကြိုတင်ကာကွယ်ရန်အတွက် ထရိုင်ကိုဂရားမား နဂျီများ လွှတ်ပေးခြင်း။
- စိုက်ချိန်ပြောင်းလဲခြင်းကြောင့် ကျသော ရွက်လိပ်၊ ရွက်ကပ်ပိုးကို အဆီဖိတ်ဆေးဖြန်း။
- ဘက်တီးရီးယား ရွက်ခြောက်ရောဂါ - ကော့ပါး ဟိုက်ဒြောက်ဆိုဒ်ဖြန်း။
- လိုအပ်သည့် အချက်အလက်များကို တစ်ပါတ် တစ်ကြိမ် အကျိုးဆောင်တောင်သူများနှင့် ပူးပေါင်းကောက်ယူခြင်း။
- မောင်းညိုအဆင့်တွင် စံကွက်ရိတ်သိမ်းခြင်း။





# ၆။ ကောက်ယူရရှိခဲ့သည့် အချက်အလက်များ



| စဉ် | အကြောင်းအရာ | YQR-11 | YQR- 12 | ရွှေရီတိုး |
|---|---|---|---|---|
| ၁ | ပျိုးထောင်ရက် | ၂၈.၇.၂၀၂၀ | ၂၈.၇.၂၀၂၀ | ၂၈.၇.၂၀၂၀ |
| ၂ | စိုက်ပျိုးသည့်ရက် | ၂၁.၈.၂၀၂၀ | ၂၁.၈.၂၀၂၀ | ၂၁.၈.၂၀၂၀ |
| ၃ | ပျိုးသက်ရက် | ၂၄ | ၂၄ | ၂၄ |
| ၄ | ပင်ကြား တန်းကြား | ၈x၆ | ၈x၆ | ၈x၆ |
| ၅ | လက်ဆ (ပင်) | ၃ | ၃ | ၃ |
| ၆ | အနံ့ပါပင်ပွား | ၁၂.၂ | ၁၁.၄ | ၁၀.၈ |
| ၇ | အပင်အမြင့် (cm) | ၁၂၈.၄ cm | ၁၂၀.၆ cm | ၁၀၇.၄ cm |
| ၈ | တစ်နှံပါအစေ့ | ၂၁၅ | ၁၄၅ | ၁၃၀ |
| ၉ | တစ်နှံပါအောင်စေ့ | ၁၆၀ | ၁၂၀ | ၁၁၃ |
| ၁၀ | ရိတ်သိမ်းရက် | ၂၀.၁၁.၂၀၂၀ | ၁၅.၁၁.၂၀၂၀ | ၁၄.၁၁.၂၀၂၀ |
| ၁၁ | အသက်ရက် | ၁၁၅ | ၁၁၀ | ၁၀၈ |
| ၁၂ | အကွက်ငယ်(ပြည်) | ၂၄.၅ | ၂၃.၅ | ၂၂ |
| ၁၃ | တစ်ဧကအထွက်(တင်း) | ၁၁၁ | ၁၀၆.၆ | ၉၉.၈ |

# ၇။ တွေ့ရှိချက်

**YQR-11မျိုး**



- ရိတ်သိမ်းရက်ကာလ တစ်ပတ်ခန့်နောက်ကျ။
- အထွက်နှုန်းအကောင်းဆုံး။
- တစ်နှံ့ပါသီးလုံးနှင့် အောင်စေ့ကွာခြားချက် (၅၀)ခန့်ရှိ။
- စပါးစေ့အရွယ်အစားမှာ မျိုး(၃)မျိုးအနက် အရှည်ဆုံး။


**YQR- 12မျိုး**





- တစ်နှံ့ပါသီးလုံးနှင့် အောင်စေ့ကွာခြားချက်နည်းပါး။
- အထွက်နှုန်းမှာ YQR-11အောက် အနည်းငယ်လျော့။
- ရင့်မှည့်ချိန်တွင်အလံရွက်မှာ ငိုက်မကျပဲ ထောင်မတ်နေခြင်း။

# ၈။ သုံးသပ်ချက်


- မူရင်းအသက်ထက် မွန်ပြည်နယ်မိုးရာသီတွင် **သက်တမ်းပိုတို**။
- စမ်းသပ်သည့်ဒေသနှင့် မူရင်းဒေသအပူချိန် ကွာခြားခြင်းကြောင့် YQR-11 သည် YQR-12 ထက် **သက်တမ်းပိုကြီး**။
- စပါးစေ့ အရှည်သည် ၆.၅ မီလီမီတာထက် ပိုရှည်ခြင်း၊ ဆန်သားကြည်လင်ခြင်း (ဗိုက်သားဖြူမပါ)တို့ကြောင့် ပြည်တွင်းကုန်သည်နှင့် **ပြည်ပဈေးကွက်ကြိုက်**။



YQR-11



YQR-12



ရွှေရီတိုး

# ၉။ သုံးသပ်ချက်

- ပုံမှန်စိုက်သည့် စပါးများနှင့် **ရိတ်သိမ်းချိန်တူညီ**လုနီးပါး။
- ရေကြီးပျက်စီးမှုနှင့် မိုးဦးမိုးခေါင်မှုများရှိခဲ့ပါက **အစားထိုးစိုက်ပျိုးနိုင်**၊ သေချာသော အထွက်နှုန်းနှင့် ဝင်ငွေပိုမိုရရှိနိုင်။
- ရေအသုံးချမှု နည်းသည့်အတွက် **မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှု**ကို လျှော့ချနိုင်။
- ရေရရှိမှု့သေချာသောနေရာများ၌ နွေစပါးစိုက်ပျိုးနိုင်။
- ပေါ်ဆန်းအုပ်စု စိုက်ပျိုးခြင်းထက် **အကျိုးမြတ်ပိုသေချာ**။

| ပေါ်ဆန်း (အုပ်စု) | | | သက်တမ်းတို (အထွက်ကောင်း) | | |
|---|---|---|---|---|---|
| ၆၀ တင်း | ၈၀၀၀ | **၄၈၀, ၀၀၀** | ၁၀၀ တင်း | ၅၀၀၀ | **၅၀၀,၀၀၀** |



YQR-11


YQR-12


ရွှေရီတိုး

# ၁၀။ ထူးခြားချက်

## စိုက်ပျိုးသည့်ဒေသ ကွာခြားချက်ကြောင့် အပင်သက်တမ်း ပြောင်းလဲခြင်း



# စမ်းသပ်မျိုး (၃) မျိုး၏ အပင် သက်တမ်း မတူညီပုံ




YQR-12




YQR-11




ရွှေရီတိုး

# ၁၁။ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်

- ၂၀၂၀-၂၀၂၁ ခုနှစ်၊ နွေစပါးရာသီတွင် YQR -11၊ YQR - 12 စပါးမျိုး ခေါင်နှံ့ရယူထား။
- ခေါင်နှံ့မျိုးသန့်ပွားနည်းဖြင့် မျိုးသန့် ပွားကေ (၀.၁၀) ကေ ဆက်လက်စိုက်ပျိုးသွားမည်။
- စားသုံးမှုအရည်အသွေးစမ်းသပ်ခြင်း၊ ဆန်ထွက် ရာခိုင်နှုန်းစမ်းသပ်ခြင်း။
- ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ တွင် ဒုတိယ ရာသီအဖြစ် ဆက်လက်စမ်းသပ် စိုက်ပျိုးသွားမည်။







# ၁၂။ နိဂုံး

- ရေကြီးရေလျှံမှုနှင့် မိုးဦးမိုးခေါင်မှု ဖြစ်ပေါ်သည့်နေရာများတွင် သက်တမ်းတို အထွက်ကောင်းစပါးမျိုးများဖြင့် အစားထိုးစိုက်ပျိုးနိုင်ခြင်း။
- ရာသီဥတုပြောင်းလဲမှုနှင့် သဟဇာတဖြစ်သော အရည်အသွေးနှင့် အထွက်ကောင်း သက်တမ်းတိုမျိုးများအား အချိန်မှီ အစားထိုးစိုက်ပျိုးနိုင်ခြင်း။
- ပြည်နယ်၏ စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့် တောင်သူများဝင်ငွေ တိုးတက်ရေးအတွက် အထောက်အကူ ရရှိနိုင်ခြင်း။





# လမ်းညွှန်မှုခံယူအပ်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန
မြို့နယ်ဦးစီးမှူးရုံး
ကျိုက်ထိုမြို့နယ်
သထုံခရိုင်၊ မွန်ပြည်နယ်

